
# RAKHINE

## LIFT PROGRAMMING 2013-2018



Total budget allocation
(2013 - 2018)

USD 57 Million




LIFT has been active in 14 out of 17 townships in Rakhine State

## BACKGROUND

The programme presents new and sustainable approaches for livelihoods, food security and financial inclusion. LIFT has been active in 14 out of 17 townships in Rakhine State.

- In 2013, LIFT started to provide substantial financial support for livelihoods and food security in Rakhine through the 1st phase of the Tat Lan Programme with a total budget of over USD 22 million.
- From 2016 to 2018, LIFT is funding the 2nd phase of the Tat Lan Programme. The total budget for Tat Lan will exceed USD 37 million.
- In 2016, LIFT expanded its geographic focus with projects in Rathedaung, Kyauktaw, Mrauk-U, and Sittwe.
- Across Rakhine, LIFT finances projects that provide innovative financial services to the rural communities for an overall budget of USD 10 million.
- New financial support is provided to build vocational skills to address the high unemployment and low labour force participation rate in Rakhine.

LIFT Livelihoods and Food Security Trust Fund

UKaid from the British people · European Union · Australian Aid · Swiss Agency for Development and Cooperation SDC · DANIDA · USAID from the American people · Government of the Netherlands · Sweden · afd Agence Française de Développement · Grand Duchy of Luxembourg Development Cooperation · New Zealand Aid Programme · Irish Aid Rialtas na hÉireann Government of Ireland

# KEY INTERVENTION AREAS

## Financial Inclusion

LIFT has determined in its financial inclusion strateg to increase access to finance among rural communities in Rakhine State. Microfinance services are on high demand especially during the period when sources of income are not stable. Pact Global Microfinance Fund (PGMF) and Wan Lark, funded by LIFT have been providing financial services in 489 villages of seven townships such as Gwa, Thandwe, Toungup, Kyaukpyu, Ann, Sittwe and Pauktaw. They are providing diverse financial services - agricultural loan, small business loan, social loan, savings, financial literacy and beneficiary welfare fund. PGMF has planned to expand its microfinance services in another three townships - Minbya, Myebon and Ramree in 2017. LIFT has allocated USD 13 million for financial inclusion in Rakhine State by end of 2018. In addition to these formal services, most of the LIFT projects also introduce village loans and saving associations (VSLAs) across their target villages and provide financial literacy training. Women in particular are the primary beneficiaries of this intervention.

## Agriculture, Fishery, and Livestock

LIFT allocates substantial support to increasing the benefits of the primary source of livelihood of most Rakhine people. LIFT projects build embankments to protect paddy land from salt water intrusion and introduce new farming techniques, alternative cash-crops and livestock breeding skills. A key focus of LIFT's fishery support is the adoption and demonstration of the new fishery co-management regime. LIFT's new project in Rathedaung will introduce community forestry for sustainable use and management of natural resources. Eventually, LIFT is to support basic income generation and market skills for Rakhine villagers. The total financial contribution to this sector is over USD 9 million from 2016 to 2018.

## Nutrition

After Chin State, Rakhine State has the highest percentage of severely to moderately stunted (smaller than average) children under five. Hence, LIFT provides substantial funding for nutrition programming. Key nutrition messages are delivered at community-level and particularly through Mother-to-Mother Support Groups (MtMSGs). Pregnant women and mothers with infants receive a monthly cash transfer of MMK 13,000 for a more nutritious diet during the critical first 1,000 days. LIFT's total contribution from 2016 to 2018 to this sector is almost USD 6 million. This contribution should decrease stunting rates from 39 per cent to 33 per cent in LIFT's targeted households for children under 5 years.

## Water, Sanitation and Hygiene

Rakhine communities have limited access to water, both in terms of quality and quantity, due to salt water intrusion or contamination. The latter is particularly aggravated by open-air defecation leading to widespread water-borne diseases. From 2016-2018, LIFT provides USD 4.5 million to build knowledge on hygiene practices and to improve access to water and sanitation facilities including drinking-water pond rehabilitation and latrine constructions.

## Governance

All LIFT-supported projects are focused on enabling and encouraging constructive exchange between village, township, and state level administration. Most LIFT funding is delivered through village development committees, in close coordination with respective Departments such as the General Administration Department (GAD), Department of Rural Development (DRD), Department of Agriculture (DoA), Department of Irrigation (DoI), Agricultural Mechanizaion Department (AMD), Department of Fishery (DoF), Livestock Breeding and Veterinary Department (LBVD), Department of Health (DoH), Forest Department, Relief and Resettlement Department (RRD)and Department of Planning. Key support is directed to technical capacity building, as well as training in leadership, socially accountable governance, and responsible private sector practices.

## Vocational Skills Training

Rakhine has the highest unemployment rate in Myanmar. Slightly over 10% of the state population is unemployed. Rakhine has also the lowest labour force participation rate. Only 59 percent of the population aged 15 years and older is economically active (Myanmar Census Report, 2015). The national rate is 67 percent. To address this, LIFT supports vocational skills training to provide youth with opportunities for new non-farm based livelihoods and economic development. The selection of vocational training programmes is driven by market needs and the preferences and aspirations of youth. Trainings are delivered through mobile teams or through vocational training centres.

## Disaster Risk Management and Resilience

Natural disasters frequently and severely affect Rakhine communities. LIFT supports the disaster preparedness of communities through substantial investment in embankments to manage salt water intrusion on paddy land, increased and more secure access to drinking water through improved water ponds or rain water harvesting systems, and new climate smart agriculture such as more resilient rice seed varieties. LIFT projects also support community Disaster Risk Management planning.

LIFT support in general increases the resilience of Rakhine communities by increasingly focusing on more diversification into non-farm based livelihoods. Many non-farm based livelihoods are not affected by natural disasters and continue to provide livelihood support in times of crisis. Equally important is LIFT's large financial inclusion programming which provides access to affordable financial services when most needed.

LIFT Partners in Rakhine State


## Livelihoods and Food Security Trust Fund

UNOPS Fund Management Office
12(O) Pyi Thu Lane, 7 Mile, Mayangone Township, Yangon, Myanmar
Phone: +95 1 65 7280~87, Fax: +95 1 65 72 79
Email: lift@unops.org
lift-fund.org | facebook.com/liftfund| twitter.com/liftfund


LIFT is managed by UNOPS


# ရခိုင်ပြည်နယ်

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) စီမံကိန်း ၂၀၁၃ - ၂၀၁၈



ထောက်ပံ့ရန်ပုံငွေ
(၂၀၁၃-၂၀၁၈)

အမေရိကန်ဒေါ်လာ
၅၇ သန်း




LIFTသည် ရခိုင်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၇ မြို့နယ်အနက် ၁၄မြို့နယ်တွင် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

## နောက်ခံသမိုင်းကြောင်း

စီမံကိန်းသည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် အသက်မွေးမှု လုပ်ငန်းများ အတွက် ရေရှည်တည်တံ့မည့် နည်းလမ်းသစ်များကို ဖော်ဆောင်လျက်ရှိပါသည်။ LIFTသည် ရခိုင်ပြည်နယ်ရှိ မြို့နယ်ပေါင်း (၁၇) မြို့နယ်အနက် (၁၄)မြို့နယ်တွင် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

- LIFT အနေဖြင့် ၂၀၁၃ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေးအတွက် တက်လမ်းစီမံကိန်းအဆင့် (၁) မှတဆင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂ သန်း ကျော်ကို စတင် ထောက်ပံ့ခဲ့ပါသည်။
- ၂၀၁၆ မှ ၂၀၁၈အထိ တက်လမ်း စီမံကိန်း အဆင့် (၂) အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၇ သန်းကျော်ဖြင့် ဆက်လက် ထောက်ပံ့လျက်ရှိပါသည်။
- ၂၀၁၆ ခုနှစ်တွင် LIFT သည် ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးနှင့် စစ်တွေတို့တွင် စီမံကိန်း အသစ်များ စတင်ခြင်းဖြင့် တိုးချဲ့ခဲ့ပါသည်။
- ရခိုင်ပြည်နယ်တဝန်းရှိ ကျေးလက်နေပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု စီမံကိန်းဖြင့် အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ထောက်ပံ့ပေးရန် လျာထားပြီး နည်းစနစ်သစ်များဖြင့် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။
- အလုပ်လက်မဲ့နှုန်းမြင့်မားခြင်းနှင့် ရခိုင်ပြည်နယ်အတွင်း ကျွမ်းကျင်လုပ်သားအင်အား နည်းပါးလာခြင်း တို့ကို ဖြေရှင်းနိုင်စေမည့် သက်မွေးမှုသင်တန်း ပို့ချခြင်းအတွက်လည်း ရန်ပုံငွေထောက်ပံ့ထားပါသည်။

Livelihoods and Food Security Trust Fund

# အဓိက အကောင်အထည်ဖော်သည့် ကဏ္ဍများ

## အားလုံးပါဝင်လက်လှမ်းမီသော ငွေကြေးဝန်ဆောင်မှု

LIFT သည် ယင်း၏ အားလုံးပါဝင်လက်လှမ်းမီသော ငွေကြေးဝန်ဆောင်မှု မဟာဗျူဟာ အတိုင်း ရခိုင်ပြည်နယ်ရှိ ရပ်ရွာလူထုတို့အတွက် ငွေကြေး ဝန်ဆောင်မှု များကို ပိုမို ရရှိနိုင်စေရန် ဆောင်ရွက်မည် ဖြစ်သည်။ အသေးစား ငွေကြေး ဝန်ဆောင်မှုများမှာ စျေးကွက် တောင်းဆိုမှု များပြားလာနေပြီး အထူးသဖြင့် ဝင်ငွေပုံမှန်မရသည့် အချိန်မျိုးတွင် ဖြစ်သည်။ PGMF နှင့် ဝံလက် အဖွဲ့ တို့သည် LIFT ၏ ပံ့ပိုးမှုဖြင့် ဂွ၊သံတွဲ၊တောင်ကုတ်၊ ကျောက်ဖြူ၊အမ်း၊ စစ်တွေနှင့် ပေါက်တော မြို့နယ်များရှိ ကျေးရွာပေါင်း (၄၈၉)ရွာ တွင် စိုက်ပျိုးရေးချေးငွေ၊ အငယ်စား စီးပွားရေးလုပ်ငန်း ချေးငွေ၊ စုငွေ၊ ငွေကြေး အသိပညာ နှင့် လူမှုသက်သာချောင်ချိရေး ရန်ပုံငွေ ကဲ့သို့သော ငွေကြေး ဝန်ဆောင်မှု အမျိုးမျိုးကို ပေးအပ်လျက်ရှိသည်။ PGMFသည် ၂၀၁၇ခုနှစ် တွင် ယင်း၏ငွေကြေးဝန်ဆောင်မှုများကို မင်းပြား၊ မြေပုံနှင့် ရမ်းဗြဲ မြို့နယ်များ ထိပါ တိုးချဲ့ရန် စီစဉ်ထားသည်။ LIFT သည် ၂၀၁၈ခုနှစ် အကုန်ထိ အားလုံးပါဝင်နိုင်သော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု စီမံကိန်းများအတွက် အမေရိကန် ဒေါ်လာ ၁၃သန်း ပံ့ပိုးရန် လျာထားသည်။ ၎င်းလုပ်ငန်းများ အပြင် LIFT ၏ စီမံချက် အများစု သည် ကျေးရွာများအတွင်း ကျေးရွာငွေစု ငွေချေးအသင်းများ စတင် ဆောင်ရွက်ခြင်း နှင့် ငွေကြေးဆိုင်ရာ ကျွမ်းကျင် တတ်မြောက်ရေး သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရန် ထောက်ပံ့ပေးခြင်း တို့ကိုလည်း ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် အမျိုးသမီးများ သည် အဆိုပါ ကဏ္ဍများ၏ အဓိက အကျိုးခံစားခွင့်ရသူများ ဖြစ်သည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း

LIFT သည် ရခိုင်လူမျိုးအများစု အားထားနေရသည့် အသက်မွေးဝမ်းကျောင်းမှု မူလ အရင်းအမြစ်များမှ အမြတ်အစွန်းရရှိမှုများ တိုးတတ်လာစေရန် အများအပြား ပံ့ပိုးပေးလျက်ရှိသည်။ LIFT စီမံချက်များသည် စပါးစိုက်ပျိုးမြေများအား ဆားငန်ရေ ဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် တာတမံများနှင့် ရေထိန်း တံခါးများ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေးနည်းစနစ်သစ်များ၊ အခြား ဝင်ငွေကောင်း သီးနှံများနှင့် မွေးမြူရေးနည်းပညာများအား စတင် မိတ်ဆက် ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ LIFT ၏ ရေလုပ်ငန်း နှင့် ပတ်သက်သည့် အဓိက အထောက်အပံ့မှာ ရေလုပ်ငန်းစုပေါင်းစီမံခန့်ခွဲမှု စနစ်သစ်အား လက်ခံ ကျင့်သုံးခြင်းနှင့် ထိုသို့ လက်ခံကျင့်သုံးလာစေရန် သရုပ်ပြ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ရသေ့တောင်မြို့နယ်တွင် ဆောင်ရွက် မည့် LIFT ၏ စီမံချက် အသစ်သည် သဘာဝအရင်းအမြစ်များကို ရေရှည် ထိန်းသိမ်း စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်၍ ရပ်ရွာအခြေပြုသစ်တောလုပ်ငန်း အစုအဖွဲ့အား စတင်မိတ်ဆက်မည် ဖြစ်ပါသည်။ ထို့အပြင် LIFT သည် ရခိုင် ကျေးရွာသူ/သားများအနေဖြင့် အခြေခံဝင်ငွေရရှိရေး လုပ်ငန်းများနှင့် စျေးကွက်စီးပွားရေးပညာများ နားလည် တတ်ကျွမ်းစေရန်အတွက်လည်း ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ ဤစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ အတွက် အမေရိကန်ဒေါ်လာ ၉သန်းကျော်ကို ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အထိ ထောက်ပံ့ပေးလျက်ရှိပါသည်။

## အာဟာရ ပြည့်ဝရေး

ရခိုင်ပြည်နယ်သည် အသက် ၅ နှစ်အောက်ကလေးများ ကြီးထွားဖွံ့ဖြိုးမှုနှုန်း အတန်အသင့်နှင့် သိသိသာသာနေးကွေးခြင်းတို့ကို အများဆုံးတွေ့ရှိရသော ချင်းပြည်နယ် ပြီးနောက် ဒုတိယအများဆုံးဒေသဖြစ်သည်။ ထို့ကြောင့် LIFT အနေဖြင့် အာဟာရပြည့်ဝရေး စီမံကိန်းများအတွက် ရန်ပုံငွေအမြောက်အများကို ထောက်ပံ့လျက်ရှိပါသည်။ အာဟာရပြည့်ဝရေး အတွက် အဓိကကျသည့် ပညာပေး သတင်းအချက်အလက်များကိုလည်း ကျေးရွာလူထုအဆင့်နှင့် အတိအကျဆိုရသော် မိခင်အချင်းချင်း ထောက်ပံ့ရေးအဖွဲ့များမှတဆင့် ထောက်ပံ့ပေးလျက်ရှိပါသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက် မိခင်များမှာ (သန္ဓေသားဘဝမှစ) ပထမရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရ ပိုမိုရရှိသော အစားအစာများ စားသောက်နိုင်ရန်အတွက် လစဉ် ထောက်ပံ့ငွေကြေး ၁၃၀၀၀ ကျပ် ရရှိပါသည်။ ၎င်းကဏ္ဍအတွက် LIFT သည် အမေရိကန်ဒေါ်လာ ၆သန်းနီးပါးကို ၂၀၁၆ မှ ၂၀၁၈ အတွင်း ထောက်ပံ့သွားမည် ဖြစ်ပါသည်။ အဆိုပါ ပံ့ပိုးမှုဖြင့် LIFT စီမံချက်ဝင် အိမ်ထောင်စုများ၏ ၅ နှစ် အောက် ကလေးများ ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်းကို ၃၉ ရာခိုင်နှုန်းမှ ၃၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ဖြစ်ပါသည်။

## ရေကောင်းရေသန့် ရရှိရေး၊ ပတ်ဝန်းကျင်နှင့် တကိုယ်ရည်သန့်ရှင်းရေး

ရခိုင်ဒေသတွင် ဆားငန်ရေဝင်ရောက်မှုနှင့် ရေထုညစ်ညမ်းမှုများကြောင့် ကျေးရွာလူထု အတွက် ရေလိုအပ်ချက်ပမာဏ မြင့်မားပြီး ရေကောင်းရေသန့် ရရှိမှုမှာလည်း အလွန် နည်းပါးသည်။ အထူးသဖြင့် ကျေးရွာနေပြည်သူများ၏ တောထဲတွင် မစင်စွန့်လေ့ရှိသော အလေ့အထကြောင့် ရေညစ်ညမ်းမှုဖြစ်ပွားရပြီး ရေနှင့်အတူ ကူးစက်တတ်သော ရောဂါများကို ဆိုးရွားစွာ ပြန့်ပွားစေနိုင်ပါသည်။ LIFT သည် ၂၀၁၆ မှ ၂၀၁၈ အတွင်း အမေရိကန် ဒေါ်လာ ၄သန်းခွဲကို သန့်ရှင်းရေး နည်းလမ်းများနှင့် ပတ်သက်သော ဗဟုသုတများ ဖြန့်ဝေပေးရေး၊ ရေရရှိမှု ပိုမိုတိုးတက်လာစေရေး၊ သောက်သုံးရေ ရရှိရေး၊ ရေကန်ပြုပြင်ရေး နှင့် အိမ်သာတည်ဆောက်ရေး စသည့် သန့်ရှင်းရေးဆိုင်ရာ အခွင့်အလမ်းများ တိုးတက်လာစေရေးအတွက် ထောက်ပံ့မည်လျက်ရှိပါသည်။

## အုပ်ချုပ်မှုစနစ်ပိုမိုတိုးတက်ကောင်းမွန်စေရေး

LIFT ရန်ပုံငွေထောက်ပံ့ထားသော စီမံချက်များအားလုံးသည် ကျေးရွာ၊ မြို့နယ် နှင့် ပြည်နယ် အုပ်ချုပ်ရေးအဆင့်များအကြား အပြုသဘောဆောင်သည့် ညှိနှိုင်း ဖလှယ်မှုများ ကို အားပေးပြီး အဆိုပါ ဆောင်ရွက်မှုများ ဖြစ်ပေါ် စေရန် အဓိက ရည်ရွယ်ပါသည်။ LIFT၏ အထောက်အပံ့အများစုကို သက်ဆိုင်ရာ ဌာနဆိုင်ရာ အစိုးရအဖွဲ့အစည်းများ ဖြစ်ကြသော အထွေထွေ အုပ်ချုပ်ရေး ဦးစီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ ဆည်မြောင်း ဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ သစ်တော ဦးစီးဌာန၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန အစ ရှိသည်တို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ များမှ တဆင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အဓိက အထောက်အပံ့မှာ နည်းပညာ စွမ်းရည်များ ဖွံ့ဖြိုးရန် ထူထောင်ပေးခြင်း၊ ခေါင်းဆောင်မှု ဆိုင်ရာ သင်တန်းများ ပေးခြင်း၊ ပြည်သူ့ရေးရာအတွက် တာဝန်ခံမှု ရှိသော အုပ်ချုပ်ရေး စနစ်နှင့် ပုဂ္ဂလိက ကဏ္ဍဆိုင်ရာတွင်လည်း တာဝန်ခံယူမှုရှိသော အလေ့အကျင့်များ ရရှိစေရေး နည်းလမ်းများဆီသို့ ဦးတည်ပါသည်။

## အသက်မွေးမှုပညာ သင်တန်းများပေးခြင်း

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့ အမြင့်ဆုံးပြည်နယ် ဖြစ်ပြီး ပြည်နယ် လူဦးရေ၏ ၁၀%မှာ အလုပ်လက်မဲ့ ဖြစ်ကြောင်း တွေ့ရှိရသည်။ ၂၀၁၅ခုနှစ်တွင် ကောက်ယူခဲ့သော သန်ခေါင်စာရင်းအရ အသက် ၁၅နှစ်နှင့် အထက် လူဦးရေ၏ ၅၉%သာ စီးပွားရေးတွင် ပါဝင်လုပ်ကိုင်နိုင်ကြောင်း တွေ့ရှိရသည်။ အမျိုးသားအဆင့် သတ်မှတ်ချက်မှာ ၆၇% ဖြစ်သည်။ LIFTသည် ယင်း ပြဿနာကို ဖြေရှင်းရန်အတွက် လယ်ယာပြင်ပ လုပ်ငန်းနှင့် စီးပွားဖြစ်ထွန်းရန် အခွင့်အလမ်းရှိသော လူငယ်များအား အသက်မွေးမှုသင်တန်းများ ပံ့ပိုးပေးလျက် ရှိသည်။ အဆိုပါစီမံကိန်းများကို စျေးကွက်လိုအပ်ချက်မြင့်ပြီး စိတ်ဓါတ်ခွန်အား တက်ကြွသော လူငယ်များ၏ စိတ်ဝင်စားမှုနှင့် တောင်းဆိုမှုများအတိုင်း ရွေးချယ်ထားသည်။ သင်တန်းများကို နယ်လှည့်ပေးခြင်း၊ သင်တန်းစင်တာဖွင့်ပေးခြင်း များဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။

## ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ နည်းပါးစေရေး စီမံဆောင်ရွက်မှုနှင့် ခံနိုင်ရည်ရှိစေမှု

ရခိုင်လူထုမှာ သဘာဝဘေးအန္တရာယ်အား မကြာခဏဆိုသလို ပြင်းပြင်း ထန်ထန် ခံစားရလေ့ရှိသည်။ LIFTသည် ပြည်သူများအတွက် သဘာဝဘေး အန္တရာယ် ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ ဖြစ်သော စပါးခင်းများ၌ ပင်လယ် ဆားငန်ရေ ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန် တာတမံများနှင့် ရေထိန်း တံခါးများ တည်ဆောက်ခြင်း၊ သောက်သုံးရေပိုမိုဖူလုံစွာ ရရှိစေရေး အတွက် ရေကန်များအား ပြန်လည်ပြုပြင်ပေးခြင်း၊ အသစ် တူးဖော်ခြင်း (သို့) မိုးရေ သိုလှောင်ခြင်းနှင့် ခံနိုင်ရည်ရှိသော စပါးမျိုးများ အသုံးပြုခြင်းကဲ့သို့ ရာသီဥတုနှင့် လိုက်လျောညီထွေသည့် စိုက်ပျိုးရေး နည်းလမ်းသစ်များတွင် ရန်ပုံငွေ အမြောက်အများကို ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ထို့အပြင် LIFT စီမံချက်များသည် သဘာဝ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ နည်းပါးစေရေးအတွက် ရပ်ရွာ အခြေပြု စီမံကိန်းရေးဆွဲရေးလုပ်ငန်းများတွင်လည်း အထောက်အပံ့ပေးခဲ့ပါသည်။

LIFT သည် ယေဘူယျအားဖြင့် လယ်ယာလုပ်ငန်းကို အခြေခံခြင်း မရှိသော အခြား အသက်မွေးမှုလုပ်ငန်းများလည်း ပိုမိုများပြားလာစေရန် ဦးတည်ခြင်း ဖြင့် ရခိုင်လူထု၏ ခံနိုင်ရည်ရှိမှု အားကောင်းလာစေရေးအတွက် အထောက်အပံ့ ပေးပါသည်။ လယ်ယာပြင်ပ အသက်မွေးမှုအများစုမှာ သဘာဝ ဘေးအန္တရာယ် သက်ရောက်မှု မရှိသဖြင့် ဘေးအန္တရာယ် ကျရောက်နေသည့်တိုင် အသက်မွေးမှု အထောက်အပံ့များ ဆက်လက် ရရှိနိုင်ပါသည်။ နောက်ထပ်အရေးပါသည့် ထောက်ပံ့မှုတစ်ခုမှာ အဓိက လိုအပ်နေသောအချိန်တွင် တတ်နိုင်သော ပမာဏဖြင့် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်းများကို လက်လှမ်းမီနိုင်စေမည့် LIFT၏ ငွေကြေး ဝန်ဆောင်မှု စီမံကိန်းကြီး ဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ


အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ

UNOPS ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး၊

၁၂ (O)၊ ပြည်သူ့လမ်း၊ ၇ မိုင် ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း။ + ၉၅ ၁ ၆၅ ၇၂၈၀ ~ ၈၇၊

ဖက်စ်။ + ၉၅ ၁ ၆၅ ၇၂ ၇၉

Email: lift@unops.org

lift-fund.org | facebook.com/liftfund| twitter.com/liftfund


LIFT ကို UNOPS မှ စီမံခန့်ခွဲသည်